DENVER PUBLIC SCHOOLS TRANSPORTATION
Together. Forward.

# ကြိုပို့ လက်ရှိအကြောင်းအရာများ

## သင့်ကျောင်းသားများကို ၂၀၁၉-၂၀ ကျောင်းနှစ်အတွက် ပြင်ဆင်ခြင်း




၂၀၁၈-၁၉ ကျောင်းနှစ်သည် ပြီးဆုံးခါနီးပြီဖြစ်၍ Denver အစိုးရကျောင်းများ (DPS) ကြိုပို့ဝန်ဆောင်မှုသည် သင့်အားကောင်းမွန်သော နှစ်တစ်နှစ်အတွက် ကျေးဇူးတင်ရှိပါသည်။ DPS သယ်ယူပို့ဆောင်ရေးသည် ပညာရေးအောင်မြင်မှုအတွက် ဂင်ပေါက်တစ်ခုဖြစ်ပြီး အရည်အချင်းပြည့်မီသော ကျောင်းသားအားလုံးအတွက် ညီမျှစွာအသုံးပြုခြင်းနှင့် မိဘများ၏ လိုအပ်ချက်များ ဖြည့်ဆည်းခြင်းတို့ကို လွယ်ကူချောမွေ့စေသည်။ ဤလက်ကမ်းစာစောင်တွင် လာမည့်ကျောင်းနှစ်အတွက် ပြင်ဆင်ရန် အကြံပေးချက်များကို ဖော်ပြထားသည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။

## ကျောင်းနှစ်သစ် လှုပ်ရှားမှုများ

### ကျောင်းပထမနေ့အတွက် သင့်မိသားစု ပြင်ဆင်ရန် အထောက်အကူပြုသော အဆင့်များ

### ☑ သင့်ဆက်သွယ်မှု အချက်အလက်များသည် လက်ရှိဖြစ်စေရန် သေချာပါစေ

အရည်အချင်းပြည့်မီသော ကျောင်းသားအားများအတွက် ကြိုပို့ဝန်ဆောင်မှုများကို သူတို့၏အိမ်လိပ်စာမှ ပြုလုပ်ပေးမည် ဖြစ်သောကြောင့် တက်ရောက်မည့် ကျောင်းသားတိုင်းအတွက် တိကျသော လိပ်စာတစ်ခုကို ပေးထားရန် အရေးကြီးပါသည်။ လိပ်စာပြောင်းလဲခြင်းများကို သင်တာဝန်ပေးထားသော ကျောင်း၏ရုံးခန်းတွင်သာ ပြုလုပ်နိုင်ပါသည်။

### ☑ ဘတ်စ်အချက်အလက်အတွက် မိဘပေါ်တယ်/ကြိုပို့ ဝက်ဘ်ဆိုက်ကို ကြည့်ပါ

Success Express ကြိုပို့များကို မစီးနင်းသော အရည်အချင်းပြည့်မီသော ကျောင်းသားအားများအတွက် ဘတ်စ်လမ်းကြောင်း အချက်အလက်သည် မိဘပေါ်တယ် သယ်ယူပို့ဆောင်ရေး စာမျက်နှာတွင် ဇူလိုင်လကုန်/ ဩဂုတ်လဆန်းမှ စ၍ရနိုင်သည်။ Success Express ကြိုပို့များကို စီးနင်းသော ကျောင်းသားများအတွက် အချိန်ဇယားများကို transportation.dpsk12.org တွင် ဇူလိုင်လကုန်/ ဩဂုတ်လဆန်းမှ စ၍ရနိုင်သည်။ အချက်အလက်များသည် ပြောင်းလဲနိုင်သောကြောင့် ဘတ်စ်အချက်အလက်များကို ကျောင်းပထမနေ့မတိုင်မီ ကြိမ်ဖန်များစွာ စစ်ဆေးစေလိုပါသည်

### ☑ လိုအပ်ပါက အွန်လိုင်းချွင်းချက်တောင်းဆိုမှု ပုံစံ ကိုဖြည့်စွက်ပါ

အကယ်၍ဘတ်စ် အချက်အလက်များသည် မိဘပေါ်တယ်တွင်မရှိဘဲ သင့်ကျောင်းသားသည် Success Express ကြိုပို့မှုအတွက် အရည်အချင်းမပြည့်မီပါက သင့်ကျောင်းသားသည် သယ်ယူပို့ဆောင်ရေးကို အရည်အချင်း မပြည့်မီခြင်း ဖြစ်ပါလိမ့်မည်။ သင်သည်ပေါ်တယ်မှတဆင့် အွန်လိုင်းသယ်ယူပို့ဆောင်ရေး ချွင်းချက်တောင်းဆိုမှု ပုံစံကို ဖြည့်စွက်နိုင်သည်။ ၂၀၁၉-၂၀ ကျောင်းနှစ်အတွက် ကြိုပို့ဝန်ဆောင်မှု ချွင်းချက်တောင်းဆိုချက်များကို ဇူလိုင် ၁၅၊ တနင်္လာနေ့မှ စတင်၍ ဇူလိုင် ၂၆၊ သောကြာနေ့အထိ တင်သွင်းနိုင်သည်။ ချွင်းချက်တောင်းဆိုမှုများအတွက် ဆုံးဖြတ်ချက်အားလုံးကို အီးမေးလ်ဖြင့် တင်သွင်းသူ၏ အီးမေးလ်သို့ဆက်သွယ်မည်။

### ☑ +Pass အသစ်တစ်ခုရယူခြ င်း (သို့) အစားထိုးခြင်း

+Pass အသစ် (သို့) အစားထိုးခြင်းကို ကျောင်းသား၏ကျောင်းမှ ရုံးခန်းအတွင်းရေးမှူးမှ တောင်းဆိုရမည်။ အတွင်းရေးမှူးသည် အမြဲတန်း +Pass တစ်ခုကို လျှောက်ထားဆဲနှင့် ပုံနှိပ်ဆဲကာလအတွင်း ယာယီ +Pass တစ်ခု ကို ကျောင်းသားအတွက် လောလောဆယ် အသုံးပြုရန် ထုတ်ပေးမည်။ မိသားစုများသည်လည်း +Pass တစ်ခုကို ဩဂုတ်လဆန်းတွင် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှု အုပ်ချုပ်ရေး အဆောက်အဦးသို့ လာရောက်၍ ရယူနိုင်ပါသည်။ အချိန် - နံနက် ၈ နာရီ - နေ့လည် ၁၂ နာရီ၊ နေ့လည် ၁ - ၄ နာရီ I တည်နေရာ - 2909 W 7th Ave., Denver 80204. **မှတ်သားရန်- ၂၀၁၈-၁၉ ကျောင်းနှစ် တွင်ဖြန့်ဖြူးထားခဲ့သော +Pass cards များကို ၂၀၁၉-၂၀ ကျောင်းနှစ်တွင် ဆက်လက်အသုံးပြုနိုင်ပါသည်။**

### ☑ ကျွန်ုပ်တို့နှင့်ဆက်သွယ်ပါ

Transportation.dpsk12.org သည် ဤဧရိယာများတွင် အသေးစိတ် အချက်အလက်များရှိပြီး ယင်းသည် စတင်ရန်ကောင်းမွန်သော နေရာတစ်ခုဖြစ်သည်။ အကယ်၍သင့်တွင် မေးခွန်းများရှိသေးပါက ကျွန်ုပ်တို့ကို transportation@dpsk12.org သို့အီးမေးလ်ဖြင့် ဆက်သွယ်ပါ (သို့) ကျွန်ုပ်တို့ ဆက်သွယ်ရေး ဝန်ဆောင်မှုအဖွဲ့ ၇၂၀-၄၂၃-၄၆၉၉ သို့ တနင်္လာမှ သောကြာနေ့အထိ ပုံမှန်ရုံးချိန်တွင်ခေါ်ဆိုပါ။



1819_EOY_Mailer_Parents_Burmese.indd 1 5/13/2019 3:14:13 PM

DENVER PUBLIC SCHOOLS TRANSPORTATION
Together. Forward.

# Bus Bulletin

## ၂၀၁၉-၂၀ ကျောင်းနှစ်အတွက် သတိပေးချက်များ

သင့်တွင် ကျောင်းကားစီးသောကျောင်းသားရှိလျှင် DPS ကြိုပို့ဝန်ဆောင်မှုသည် စင်စစ်အချိန်အချက်အလက်နှင့် သင့်ကျောင်းသား၏ဘတ်စ်ဝန်ဆောင်မှုနှင့်ပတ်သက်သော လက်ရှိအကြောင်းများကို ခရိုင်မှသင့်ကိုအသိပေးစေနိုင်သည့်ဘတ်စ်သတင်းလွှာကို ပေးကမ်းသည်။ ဘတ်စ်များသည်အရေးပေါ် အကြောင်းတစ်ခု၊ စက်ချို့ယွင်းမှု (သို့) ရာသီဥတုကြောင့် ၁၀ မိနစ်ထက်ပို၍နောက်ကျမည်ဆိုပါက မိသားစုဝင်များကို စာသတင်းတို၊ အီးမေးလ် နှင့်/(သို့) အသံအသိပေးချက်များဖြင့် အကြောင်းကြားသည်။

ကြိုပို့ဝန်ဆောင်မှုအရည်အချင်းပြည့်မီသော ကျောင်းသားများ၏မိသားစုများသည် သူတို့ကျောင်းသားကို ကျောင်းအပ်သောအခါ ပေးထားသောဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာပေါ် တွင်အခြေခံ၍ Bus Bulletin အသံမေးလ်နှင့် အီးမေးလ် အသိပေးချက်တို့ကိုရရှိရန် အလိုလျောက် စာရင်းသွင်းပြီးဖြစ်သည်၊ မိသားစုများသည် မိဘပေါ် တယ်သို့ လော့ဂ်အင် ဝင်ရောက်ပြီး လက်ရှိအဖြစ်ဆုံးဆက်သွယ်မှု အချက်အလက်များကို ဖေါ်ပြနိုင်ရန် Bus Bulletin အချက်အလက်များကို အတည်ပြုစစ်ဆေးခြင်း/လက်ရှိဖြစ်အောင် လုပ်ရန် တိုက်တွန်းပါသည်။

## သယ်ယူပို့ဆောင်ရေး

### ဝက်ဘ်ဆိုက် -

*ကြိုပို့ဝန်ဆောင်မှုသည် မိသားစုများနှင့် ကျောင်းသားများကို အရေးကြီးသော ကြိုပို့ဝန်ဆောင်မှု အချက်အလက်များကိုပေးရန်အတွက် transportation.dpsk12.org ကိုပြင်ဆင်ရန် ၂၀၁၈-၁၉ ကျောင်းနှစ် တစ်လျှောက်လုံးတွင် စေ့စပ်သေချာစွာ အလုပ်လုပ်ခဲ့သည်။ မိသားစုများသည် ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများအပေါ် တုန့်ပြန်ချက်နှင့် ပစ္စည်းပျောက်စစ်ပေးရန် တောင်းဆိုမှုတို့ကို တင်သွင်းနိုင်သည်။ ကျွန်ုပ်တို့ပေးကမ်းသော ဝန်ဆောင်မှုများကို သိရှိရန်နှင့် မည်သည့်ပြောင်းလဲမှုများကိုမဆို လက်ရှိသိနေနိုင်စေရန် သင်တို့အားလုံးကို ကြိုပို့ဝန်ဆောင်မှု ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ကြစေလိုပါသည်။*



# အထူး ပညာရေး ကြိုပို့

## ကျောင်းပထမနေ့အတွက် သင်ပြင်ဆင်ရန် အထောက်အကူပြုသော အချက်အလက်များ

အထူး ပညာရေးဝန်ဆောင်မှုများအတွက် သတ်မှတ်ခြင်းခံရသော ကျောင်းသားများအတွက် တစ်ယောက်စီအတွက် ပြုလုပ်ထားသော ပညာရေးအစီအစဉ် (IEP) သတ်မှတ်ရေးသည် သင့်ကလေး ကြိုပို့ လိုမလိုကို ဆုံးဖြတ်မည်။ ကြိုပို့ဝန်ဆောင်မှုများသည် သေချာသော ကြိုပို့လုံခြုံမှုကို ဖြစ်စေရန်အတွက် ကျောင်းသားသာတူညီမျှမှုနှင့် အခွင့်အလမ်းရုံးမှ သင့်ကျောင်းသား၏ အထူးလိုအပ်ချက်များနှင့် ပတ်သက်သော အချက်အလက်များကို ပြည့်စုံစွာနှင့် တိကျမှန်ကန်စွာရရှိရမည်။ ကြိုပို့ဝန်ဆောင်မှု မစတင်မီ ကြိုပို့အချက်အလက်ပုံစံ တစ်ခုကိုလိုအပ်သည်။ မိသားစုပညာရေးဆိုင်ရာ အခွင့်အရေးနှင့် ပုဂ္ဂိုလ်ရေး အက်ဥပဒေ (FERPA) အရ ကျောင်းသားများနှင့် ပတ်သက်သော ပုဂ္ဂိုလ်ရေး အချက်အလက်များ အားလုံးကို တင်းကြပ်စွာ လျှို့ဝှက်ထားသည်။

### လုပ်ငန်းစဉ်အကြောင်း

IEP တွင်ကြိုပို့ကို ဆက်စပ်သော ဝန်ဆောင်မှုအနေဖြင့် ပါရှိသော အထူးလိုအပ်ချက်များရှိသော ကျောင်းသားများ၏ မိသားစုများသည် သူတို့ကျောင်းသား၏ အထူးလိုအပ်ချက်ဆရာကို ဆက်သွယ်၍ လုပ်ငန်းစဉ်ကို စတင်နိုင်သည်။ အွန်လိုင်း ၁၀၆၆ ပုံစံကို ကျောင်းသား၏ဆရာ (သို့) ကျောင်းကိုယ်စားလှယ်မှ ဖြည့်စွက်ရမည်ဖြစ်ပြီး DPS ကျောင်းသားသာတူညီမျှမှုနှင့် အခွင့်အလမ်း (SE&O) သို့တင်သွင်းရမည်။ ထိုပုံစံကိုရရှိသည်နှင့် SE&O ထောက်ပံ့ရေးမိတ်ဖက်သည် ကြိုပို့လုပ်ငန်းစဉ်ကို DPS ကြိုပို့ဝန်ဆောင်မှုများနှင့် တိုက်ရိုက်ပူးပေါင်း လုပ်ဆောင်မည်။

### ကြိုပို့တောင်းဆိုမှုများကို လက်ခံစဉ်းစားရန်အတွက် အချိန်ကန့်သတ်ချက်

SE&O ထောက်ပံ့ရေးမိတ်ဖက်သည် တောင်းဆိုမှုတစ်ခုကို ကြိုပို့ဝန်ဆောင်မှုများသို့ တင်သွင်းသည်နှင့် ထိုတောင်းဆိုမှုကို လက်ခံစဉ်းစားရန် အလုပ်လုပ်ရက် ၁၀ ရက်အထိ ကြာနိုင်ပါသည်။ အကယ်၍ လိပ်စာနှင့် ဆက်သွယ်ရန် အချက်အလက်များ သည် လက်ရှိနှင့် မကိုက်ညီပါက ထိုအချိန်ကန့်သတ်ချက်သည် ပိုမိုကြာရှည်နိုင်ပါသည်။ ကျောင်းနှစ်စတွင်ကြိုပို့ အစီအစဉ်များ နှောင့်နှေးမှုမရှိရန်အတွက် အထူးလိုအပ်ချက်ရှိသော ကျောင်းသားများ၏ မိသားစုများသည် သူတို့၏အချက်အလက်များ လက်ရှိနှင့် ကိုက်ညီမှုသေချာစေရန် နွေရာသီလများတွင် သတိပေးချက်များကို လက်ခံရရှိမည်။

### မေးခွန်းရှိပါက မည်သူ့ကို ဆက်သွယ်ရမည်လဲ

အထူးပညာရေးကြိုပို့ တည်ထောင်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းစဉ်နှင့် ပတ်သက်သော မေးခွန်းများကို သင့်အထူးပညာရေးဆရာမှ တဆင့် SE&O ထောက်ပံ့ရေး မိတ်ဖက်သို့ပို့ရမည်။ မိသားစုများသည် ယာဉ်မောင်းပေါ် ၌တုန့်ပြန်ချက် (သို့) ကျောင်းသားပျက်ကွက်မှုကို အကြောင်းကြားခြင်း များအတွက်သာ ကြိုပို့ဝန်ဆောင်မှုများ (transportation@dpsk12.org) သို့တိုက်ရိုက် ဆက်သွယ်နိုင်ပါသည်။

ကျောင်းသားပျက်ကွက်မှုကို အကြောင်းကြားခြင်း

- အဝါရောင်ဘတ်စ်ကိုစီးသော ကျောင်းသားများ - ၇၂၀-၄၂၃-၄၆၂၄ DPS ရေဒီယိုသတင်းပို့မှု
- အမေရိကန် ထောက်ပံ့ပို့ဆောင်ရေး ကုမ္ပဏီကိုအသုံးပြုသော ကျောင်းသားများ ၈၅၅-၂၉၂-၄၃၆၄၊ ရွေးချယ်မှု ၁

ဤလုပ်ငန်းစဉ်နှင့် ပတ်သက်သော ထပ်မံအချက်အလက်များကို transportation.dpsk12.org/eligibility-and-routing/special-education-services/ တွင်တွေ့ရှိနိုင်ပါသည်။



1819_EOY_Mailer_Parents_Burmese.indd 2 5/13/2019 3:14:20 PM